## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## စတုတ္ထနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၄၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ပါဝါမြို့တွင် ဘုရားအနေကဇာတင် ပူဇော်ပွဲ။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အစည်းအဝေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ (၁)၊ မိခင်ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ နံနက်ပိုင်းခွင့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ပညာရှင်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ဦးစောမော်ထွန်းက အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ပြည်တွင်းစားသုံးသူတချို့က သဘာဝပစ္စည်းကို ပိုမိုတန်ဖိုးထားလာကြပါတယ်။ အော်ဂဲနစ် သတ်မှတ်ချက်ကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီကြပေမယ့် အခြေခံအချက်များကတော့ တူညီကြပါတယ်။ စားသုံးသူ ပြည်သူတွေ ဘက်ကနေပြီး စစ်မှန်တဲ့ သဘာဝသီးနှံစားသုံးဖို့ တောင်းဆိုနေကြတာ မှန်ပေမယ့်လည်း စိုက်ပျိုးသူတောင်သူလယ်သမားများမှာ လိုအပ်ချက်များရှိတာကို တွေ့ရှိရပါတယ်။ ဒီဟာတွေကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် ရေရှည်မှာ ကျေးလက်နေပြည်သူတွေ ဝင်ငွေ တိုးပွားပြီးတော့ လူနေမှုအဆင့်အတန်း မြင့်မားလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက် ထုတ်လုပ် ဖြန့်ဖြူး ရောင်းချသူများအသင်းက လွန်ခဲ့တဲ့ (၂)နှစ်ခန့်က အော်ဂဲနစ် အစုအဖွဲ့ ဖွဲ့စည်းခဲ့တယ်လို့လည်း သိရပါတယ်။ ၎င်းအစုအဖွဲ့က သတ်မှတ်တဲ့ စံချိန်စံညွှန်းတွေလည်း ရှိပါတယ်။ အော်ဂဲနစ်သီးနှံစိုက်ပျိုးဖို့အတွက် (၃)နှစ်လောက် ဓာတ်မြေသြဇာ မသုံးတဲ့မြေဖြစ်ရပါမယ်။ (၅)နှစ်လောက် မသုံးရင်တော့ ပိုကောင်းတယ်လို့ ဆိုပါတယ်။ သို့ပေမယ့်လည်း မိမိရဲ့အနီးပတ်ဝန်းကျင်ခြံက ဓာတုပစ္စည်း သုံးတဲ့ ဓာတ်မြေသြဇာသုံးတဲ့ ခြံတွေက ဖြစ်မယ်။ အပေါ်က စီးလာတဲ့ရေတွေဝင်လာမယ်ဆိုရင် ဓာတုပစ္စည်းပါရင်လည်း ဒါတွေဟာ (၃)နှစ် ဓာတ်မြေသြဇာ မသုံးတဲ့ မြေမှာ စိုက်ပျိုးပေမယ့်လည်း အော်ဂဲနစ်သီးနှံလို သတ်မှတ်နိုင်ခြင်း မရှိပါဘူး။ သဘာဝမြေသြဇာ ဖြစ်တဲ့ နွားချေး၊ ကြက်ချေးစတဲ့ စတာတွေကို သုံးရမှာ ဖြစ်ပါတယ်။ ကြက်ချေး ဆိုပေမယ့်လည်း ဓာတုဆေးကျွေးထားတဲ့ အသားတိုးကြက်ချေးတွေ ဆိုရင်လည်း အော်ဂဲနစ်သီးနှံ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် အော်ဂဲနစ် မြေသြဇာ၊ ပိုးသတ်ဆေး၊ တမာပိုးသတ်ဆေး လိုသာ အရေအတွက်များများနဲ့ စနစ်တကျ ထုတ်ပေးနိုင်မယ်ဆိုရင် အော်ဂဲနစ် သီးနှံဈေးကွက်ကလည်း ကျယ်ပြန့်လာမှာ ဖြစ်ပါတယ်။ တောင်သူတချို့က အော်ဂဲနစ်သီးနှံက ဓာတ်မြေသြဇာ အသုံးပြုတဲ့ သီးနှံလောက် မထွက်နိုင်ဘူးလို့ ယူဆပါတယ်။ သို့သော်လည်း စနစ်တကျ စိုက်ပျိုးမယ်ဆိုရင်လည်း အထွက်နှုန်းက မကွာခြားလှပါဘူး။ အော်ဂဲနစ်သီးနှံဟာ သဘာဝအရသာနဲ့ပြည့်စုံပြီး အထားလည်း ခံပါတယ်။ တောင်သူတချို့ဟာ ပြည်တွင်းသာမက ပြည်ပဈေးကွက်ကိုပါ ယခုအခါ မျှော်မှန်းပြီး စိုက်ပျိုးနေကြတယ်လို့လည်း သိရှိရပါတယ်။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ဈေးကွက်မှာ သဘာဝအော်ဂဲနစ်ပေါ်ဆန်းမွှေးဟာ ရန်ကုန်မြို့မှာရှိတဲ့ စူပါမားကတ်ကြီးတွေကို ဖြန့်ချိပေးနေပြီ ဖြစ်ပါတယ်။ ဒီဆန်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့ အောက်မှာရှိတဲ့ တညင်ကုန်းရွာမှာ စိုက်ပျိုးတာ ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်က စတင်စိုက်ပျိုးပါတယ်။ စိုက်ပျိုးစဉ်ကာလက (၁၀)ဧကခန့်သာ ရှိပါတယ်။ ယခုအခါမှာ ဧက (၁၀၀၀) ထိ စိုက်ပျိုးနေပြီလို့လည်း သိရပါတယ်။

ဒီစပါးမျိုးကတော့ ဂျကာတာ စပါးမျိုး ဖြစ်ပြီးတော့ (၁)နှစ် သိုလှောင်ရတယ်လို့ ဆိုပါတယ်။ ၂၀၁၂ ခုနှစ် နိုင်ငံတကာ အော်ဂဲနစ်အဖွဲ့ကပေးတဲ့ အသိအမှတ် ပြုခံရပြီးတော့ နှစ်စဉ်လည်း စစ်ဆေး လျက်ရှိကြောင်း ဖတ်ရှုရပါတယ်။ ဒီလို တောင်သူလယ်သမားတွေ အဆင်ပြေဖို့ လိုသလို စားသုံးသူ ပြည်သူတွေဘက်ကလည်း သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ စားသုံးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အမေရိကန် နိုင်ငံမှာပင်လျှင် ဒီ အော်ဂဲနစ်သီးနှံ စားသုံးတဲ့ဦးရေဟာ (၃)ရာခိုင်နှုန်းလောက်ပဲ ရှိသေးတယ်လို့လည်း သိရှိရပါတယ်။ အော်ဂဲနစ် စိုက်ပျိုးရေးစနစ်ဟာ လူနဲ့ လူ့ပတ်ဝန်းကျင်၊ အပင်၊ ကမ္ဘာ့မြေဆီလွှာ ရေရှည် အကျိုးများဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်မှု ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့လည်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်ခြင်းကို ၂၀၀၅-၂၀၀၆ မှာ ဟက်တာ(၉.၂)သိန်း ရှိရာကနေပြီး ၂၀၁၁ - ၂၀၁၂ မှာ ဟက်တာ(၁၁)သိန်းအထိ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်လာပါတယ်။ ဒါကြောင့်မို့ ဒေသထွက် တန်ဖိုးမြင့် သီးနှံတွေ ထုတ်လုပ်လာခြင်းနဲ့ ဝယ် လိုအား တိုးတက်လာခြင်းစတဲ့ လိုအပ်ချက်အစီအမံများကို ကူညီဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ၊ မရှိ ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနသည် အော်ဂဲနစ် နည်းပညာ အသုံးပြု၍ စိုက်ပျိုးလိုသည့် တောင်သူများအား အော်ဂဲနစ် စံချိန်စံညွှန်းများနှင့်အညီ မြေနေရာ ရွေးချယ်မှု မှန်ကန်စေရန် နည်းပညာပို့ချပေးခြင်း၊ စိုက်ပျိုးလိုသည့် သီးနှံအလိုက် မျိုးစေ့ မျိုးပိုင်းများ ရယူမှုမှန်ကန်စေရန် နည်းပညာ အကူအညီပေးခြင်း၊ အော်ဂဲနစ်သီးနှံ စိုက်ပျိုးသည့် တောင်သူ များ၏ စိုက်ခင်းများသို့ ကွင်းဆင်း၍ စစ်ဆေးပေးခြင်း၊ ထွက်ရှိလာသော သီးနှံများကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်တွင် အော်ဂဲနစ် ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးအတွက် NGO, INGO အဖွဲ့အစည်း များနှင့်ပူးပေါင်း၍ စစ်ဆေးပြီးအသိအမှတ်ပြုလက်မှတ် ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အော်ဂဲနစ်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပတ်သက်၍ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး

မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့် ၏ မေးမြန်းချက်များကိုလည်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

အော်ဂဲနစ်ဇုန်တစ်ခု တည်ထောင်ရန်အတွက် သမားရိုးကျစိုက်ပျိုးရေးစနစ်မှ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာတွင် နိုင်ငံတကာစံချိန်စံညွှန်း ပြည့်မီသော အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အသွင်ကူးပြောင်းချိန် ကာလအားဖြင့် ရာသီသီးနှံအတွက် (၂)နှစ်နှင့် နှစ်ရှည်သီးနှံများအတွက် (၃)နှစ် လိုအပ်မည် ဖြစ်ပါတယ်။ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရာတွင် မြေဧရိယာတစ်ခုအတွင်း သမားရိုးကျစိုက်ပျိုးရေးစနစ်နှင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တို့ကို တစ်လှည့်စီ စိုက်ပျိုးဆောင်ရွက်ခြင်း မပြုရဘဲ အော်ဂဲနစ်စိုက်စနစ် တစ်မျိုးတည်းကိုသာ စဉ်ဆက်မပြတ်စိုက်ပျိုးရန် လိုအပ်ပါတယ်။ အော်ဂဲနစ်စံချိန်စံညွှန်းများအတိုင်း စိုက်နည်းစနစ်များ၊ ထုတ်လုပ်မှုစနစ်များ၊ သွင်းအားစုပစ္စည်းများ ထည့်သွင်းအသုံးပြုမှု စိုက်ပျိုးမည့်မြေ၏ ရာဇဝင်၊ ရေသွင်းရေထုတ်စနစ်များ၊ သိုလှောင်ဖြန့်ဖြူးရေးစနစ်များ အပါအဝင် ရိတ်သိမ်းခူးဆွတ်သည်မှ ဈေးကွက်သို့ တင်ပို့သည်အထိ မြန်မာနိုင်ငံ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် စိုက်ပျိုးရန် လိုအပ်ပါတယ်။ အော်ဂဲနစ်ဇုန်အဖြစ် သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာဒေသရှိ စိုက်ပျိုးထုတ်လုပ်သူများမှ အော်ဂဲနစ် စိုက်ပျိုးရေးဇုန်တစ်ခု တည်ထောင်လိုကြောင်း တရားဝင် လျှောက်ထားလာလျှင် အော်ဂဲနစ်ဇုန်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် နည်းပညာများ၊ ကူညီပံ့ပိုးပေးပြီး စံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်စုံပါက အော်ဂဲနစ်ဇုန်အဖြစ် သတ်မှတ်ပေးနိုင်ရန် ထောက်ခံတင်ပြပေးမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရေးနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးရှိ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများသို့ ဆက်သွယ်၍ နည်းပညာ အကူအညီများ ရယူနိုင်ပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်မူဝါဒအရ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် ပညာပေးလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံများ ရောင်းဝယ်ခြင်းနှင့် သွင်းအားစု ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း မရှိတော့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြို့နယ်အသီးသီး၌ စည်ပင်သာယာအဖွဲ့တွင် တရားဝင်အခွန် ပေးဆောင်ပြီး ပြေးဆွဲနေကြသော အနေးယာဉ် (ဆိုက်ကား)သမားများသည် စနစ်တကျစုဖွဲ့မှုရှိပြီး အသိအမှတ်ပြုနေရာများ၌ ဆိုက်ကားဂိတ်များ ထားရှိကာ အလှည့်ကျခရီးသည် ပို့ဆောင်မှုပြုနေကြသကဲ့သို့ မော်တော်ဆိုင်ကယ်များအားလည်း လိုင်စင်ပေးလိုက်ပြီးနောက် မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲပို့ဆောင်စေခြင်းအားဖြင့် နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်ရရှိကာ ပဋိပက္ခများလည်း ရှောင်ရှားနိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ပေးရန် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က မြို့နယ်အသီးသီး၌ စည်ပင်သာယာအဖွဲ့တွင် တရားဝင် အခွန်ပေးဆောင်ပြီး ပြေးဆွဲနေကြသော

အနေ့းယာဉ်(ဆိုက်ကား)သမားများသည် စနစ်တကျစုဖွဲ့မှုရှိပြီး အသိအမှတ်ပြုနေရာများ၌ ဆိုက်ကားဂိတ်များ ထားရှိကာ အလှည့်ကျခရီးသည် ပို့ဆောင်မှုပြုနေကြသကဲ့သို့ မော်တော်ဆိုင်ကယ်များအားလည်း လိုင်စင်ပေးပြီးနောက် မြို့နယ်စည်ပင်သာယာ နယ်နိမိတ်အတွင်း ပြေးဆွဲပို့ဆောင်စေခြင်းအားဖြင့် နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်ရရှိကာ ပဋိပက္ခများလည်း ရှောင်ရှားနိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ပေးရန် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျွန်တော် လေးစားစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၆) ဦးခင်မောင်ရီ အနေနဲ့ ဒီ မေးခွန်းကို မေးခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းဟာ သာမန်ကြည့်လိုက်ရင်တော့ ဒါဟာ သာမန် တိုင်းဒေသကြီးနဲ့ ပြည်နယ် ဥပဒေပြုအာဏာထဲမှာ ရှိတယ်ဆိုတာ ကျွန်တော်တို့လည်း ဒါ သဘောတော့ ပေါက်ပါတယ်။ သို့သော် လက်ရှိ အဲဒီမှာ အခက်အခဲ ဖြစ်နေတဲ့ကိစ္စ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ဘက်က တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းထဲမှာ ပါသလိုပါပဲ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘာကို ထိန်းကြပ်ကွပ်ကဲသလဲ ဆိုတော့ အနေ့းယာဉ်ကို ထိန်းကြပ်ကွပ်ကဲပါတယ်။ ဒါကတော့ နှစ်ပေါင်းများစွာ အထာကျနေတဲ့ စနစ်ဖြစ်ပါတယ်။ ဆိုက်ကားဟာ တစ်နှစ်တစ်ခါ လိုင်စင်ယူရပါတယ်။ လိုင်စင် ယူတဲ့အခါမှာ ဆိုက်ကားကို ဆေးသုတ်ရတယ်။ ဘရိတ် ဘာညာ အကုန်လုံး စစ်ဆေးခံရတယ်။ ပြီးလို့ရှိရင် ကျန်းမာရေးစစ်ဆေးခံရတယ်။ ပြီးတော့မှ လိုင်စင်ပေးတာ ဖြစ်ပါတယ်။ ပေးတဲ့အခါကျ သူတို့ကို နေရာသတ်မှတ်ပေးပါတယ်။ ဥပမာ - ခရီးသည်များတဲ့ ဈေးဂိတ်တို့၊ ဘူတာ၊ သင်္ဘောဆိပ်၊ ကားဂိတ် စသည်ဖြင့် သူတို့ ဂိတ်တွေထားပါတယ်။ အဲဒီမှာ သူတို့ ဂိတ်စနစ်နဲ့ အလှည့်ကျဆိုင်းဘုတ်ကလေးတွေ ချိတ်ထားပြီးတော့ ဂိတ်နံပါတ်မှာနံပါတ်ပြားလေးတွေ ချိတ်ပြီးတော့ အလှည့်ကျ Senior နဲ့ ထွက်ရတဲ့ သဘောရှိတဲ့ အတွက်ကြောင့် စနစ်တော်တော်လေးကျနေတဲ့ သဘောရှိတယ်။

နောက် ဆိုက်ကားသမားတွေဟာ အနေ့းယာဉ်တွေဟာ တစ်နိုင်တစ်ဆွဲထက် ပိုသွားတဲ့ ဈေးဝယ်တဲ့ လူတွေအတွက်လည်း အများကြီး အဆင်ပြေပါတယ်။ အဲဒီလို လုပ်နေတဲ့အချိန်မှာ နောက်ပိုင်းမှာ ဆိုင်ကယ်တွေ အများကြီး ဝင်လာပါတယ်။ ဆိုင်ကယ် အစတုန်းကတော့ လိုင်စင် မပေးတုန်းကတော့ ခိုးကြောင်ခိုးဝှက် ဖြစ်ပါတယ်။ နောက်ပိုင်းတော့ ဆိုင်ကယ်ကိုလည်း လိုင်စင်ပေးတဲ့အခါကျတော့ ဆိုင်ကယ်တွေဟာ မြို့ထဲမှာ သွားလာခွင့် ရပါတယ်။ အဲဒီအခါမှာ သူတို့လည်း လုပ်စားကိုင်စား အနေနဲ့ အလုပ်မရှိတဲ့အတွက်ကြောင့် Carry ဆိုတဲ့ ခရီးသည်သယ်ပို့လုပ်ငန်းကို လုပ်လာပါတယ်။ ဒါပေမဲ့ အဲဒါကတော့ လက်ရှိတော့ တရားဝင်လုပ်ငန်း မဟုတ်သေးပါဘူး။ နေပြည်တော်မှာတော့ အခြေအနေအရ လိုအပ်ချက်အရ ခွင့်ပြုထားတာ ရှိပါတယ်။ နေပြည်တော်က ထားတဲ့ကိစ္စက စနစ်ကျပါတယ်။ ကျွန်တော်တို့ ဝတ်စကုတ်ပုံစံကို ဆင်တူဝတ်ရတယ်။ သတ်မှတ်ထားတဲ့နေရာမှာပဲ ထားရတယ် စသည်ဖြင့် ရှိပါတယ်။

သို့သော် နယ်တွေ၊ နယ်ဆိုတာ ရန်ကုန်တောင် ပါ ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ထဲမှာတော့ ရန်ကုန် Proper Down Town ဧရိယာမှာ ဆိုင်ကယ် မမောင်းရ ဆိုပေမယ့် လှိုင်သာယာ ကျော်သွားရင် မောင်းတာပါပဲခင်ဗျ။ ကမာရွတ်ကျော်သွားရင် မောင်းတယ်၊ အင်းစိန်မှာရှိတယ်၊ ထောက်ကြံ့မှာရှိတယ် စသည်ဖြင့် အဲဒီလို ဆင်ခြေဖုံးဒေသတွေမှာလည်း ခရီးသည်တွေနဲ့ ပြည်သူတွေဟာ ဒီ ဆိုင်ကယ်ကိုတော့ အားထားအသုံးပြုရတာ မှန်ပါတယ်။ အဲဒီဆိုင်ကယ်တွေဟာ စည်ပင်သာယာနဲ့ ပတ်သက်လို့ သူ့မှာ သတ်မှတ်ချက် မရှိဘူး။ လိုင်စင်၊ လုပ်ငန်းလိုင်စင်ပေါ့။ လိုင်စင်ဆိုတာ မော်တော်ယာဉ်လိုင်စင် မဟုတ်ပါဘူး၊ လုပ်ငန်းလိုင်စင် မရှိဘူး။ ဒါကြောင့် သူတို့ ကြုံသလိုပဲ ဆိုက်ကားဂိတ်ကလေးနဲ့ မနီးမဝေးမှာ နေပြီးတော့ ဆိုက်ကားစီး ခရီးသည်ကို လုယက်ခေါ်တာ ရှိတယ်။ ဆိုက်ကားစီး ခရီးသည်ကို ဈေး အဆင်မပြေရင် သူတို့ဘက်က ခေါ်တာရှိတယ်။ ဆိုင်ကယ်ကတော့ မြန်တာပေါ့။ (၁)အချက်။ (၂)ကတော့ သန့်သန့်ပြန့်ပြန့်လေး သွားရတာပေါ့၊ ဒါကြောင့် ဆိုင်ကယ်ကိုလည်း လူတွေက စီးပါတယ်။

ဒါကြောင့် ကျွန်တော်တို့ Up to date ထဲမှာ Voice of the people တို့ ဘာတို့ကို သွားပြီး ဗျူးတဲ့အခါမှာ ဂျာနယ်ထဲမှာ ဆိုက်ကားသမားတွေ ဝင်ငွေကျဆင်းကြောင်းဆိုတဲ့ သတင်း မကြာမကြာ ပါ ပါတယ်။ ကျွန်တော်ကတော့ နယ်မှာ အုပ်ချုပ်ရေးဌာန အဖွဲ့အစည်းတွေနဲ့ (၄)မြို့လောက် ထိတွေ့ ဆက်ဆံတဲ့အခါမှာ သူတို့ဘက်ကကိုက တင်ပြလာတာတွေ ရှိပါတယ်။ အုပ်ချုပ်ရေးဆိုတော့ ဒါ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှာ ဆိုင်ကယ်ကို ထိန်းကွပ်တဲ့ ဥပဒေ မရှိပါဘူး။ အလားတူ စည်ပင်သာယာမှာ ရှိသလား မေးတော့လည်း စည်ပင်သာယာမှာလည်း မရှိပါဘူးခင်ဗျာ။ ကျွန်တော် ယာဉ်ထိန်းရဲ မေးကြည့်တယ်၊ ယာဉ်ထိန်းရဲကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှ Accident ဖြစ်မှ ထိန်းလို့ ရတယ်လို့ ပြောပါတယ်။ တစ်ခါ က.ည.န လို့ ခေါ်တဲ့ ကုန်းလမ်းပို့ဆောင်ရေးနဲ့ ညွှန်ကြားမှု ဦးစီးဌာန မေးတော့ သူတို့မှာလည်း ဆိုင်ကယ်နဲ့ ပတ်သက်လို့ ပြေးဆွဲဖို့နဲ့ ပတ်သက်လို့ လမ်းညွှန်ချက် မရှိဘူးဆိုတဲ့ အခါကျတော့ ကွပ်ကဲမယ့်ဌာန ပျောက်နေပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျာ။

ဒါကြောင့် ကျွန်တော်က ခရီးသည် လုခေါ်ရင်းနဲ့ ဆိုင်ကယ်သမားချင်း ရန်ဖြစ်တာ၊ ဆိုင်ကယ် ဂိတ်နဲ့ ဆိုက်ကားဂိတ် ရန်ဖြစ်တာ အဲဒီလိုပြဿနာတွေ ခဏခဏ ဖြစ်တဲ့အခါမှာ အုပ်ချုပ်ရေးအဖွဲ့အစည်း လည်း တော်တော် စိတ်ညစ်ပါတယ်။ ရဲလည်း တော်တော်စိတ်ညစ်ပါတယ်။ ဒါကြောင့် ပြည်နယ်၊ တိုင်းဒေသကြီးအနေနဲ့ လုပ်ပိုင်ခွင့်ရှိတာ မှန်သော်ငြားလည်း တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို တိုင်းနဲ့ ပြည်နယ် မတူဘဲနဲ့ ဖြစ်မှာစိုးတဲ့အတွက်ကြောင့် အားလုံးတစ်ပြေးညီ လိုက်နာနိုင်မယ့် လမ်းညွှန်ချက်မျိုးကို ပြည်ထောင်စုအဆင့်ကနေ ပေးနိုင်မလား။ (၁)အချက်။ အဲဒီလို ပေးနိုင်လိုက်လို့ရှိရင် (၁)အချက်က သူတို့လည်း တရားဝင်သွားမယ်။ တရားဝင်ရင် သူတို့ သတ်သတ် မှတ်မှတ်ကလေး (၁)အချက်က စည်းနဲ့ကမ်းနဲ့ သူတို့လည်း ပြေးဆွဲခွင့်ရမယ်။ နိုင်ငံတော်မှာလည်း လိုင်စင်ဆောင်တဲ့ အတွက်ကြောင့် ထိုက်သင့်တဲ့ အခွန်ရမယ်၊ ပဋိပက္ခတွေလည်း ရှောင်ရှားနေနိုင်မယ် ဆိုတဲ့ သဘောလေး ပါ ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို အများသူငှာ အထူးသဖြင့်တော့ အောက်ခြေ လူတန်းစားများရဲ့ အကျိုးနဲ့ပတ်သက်တဲ့အပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ တွေ့နေတဲ့ အခက်အခဲကြောင့် အများ ပြည်သူရဲ့အကျိုးငှာ သိရှိလိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ မှ မြို့နယ်အသီးသီး၌ စည်ပင်သာယာအဖွဲ့တွင် တရားဝင် အခွန်ပေးဆောင်ပြီး ပြေးဆွဲနေကြသော အနေးယာဉ်(ဆိုက်ကား)သမားများသည် စနစ်တကျ စုဖွဲ့မှုရှိပြီး အသိအမှတ်ပြု နေရာများ၌ ဆိုက်ကားဂိတ်များထားရှိကာ အလှည့်ကျခရီးသည် ပို့ဆောင်မှု ပြုနေသကဲ့သို့ မော်တော်ဆိုင်ကယ်များအား လိုင်စင် ပေးလိုက်ပြီးနောက် မြို့နယ်စည်ပင်သာယာ နယ်နိမိတ်အတွင်း လိုင်စင်မရှိ၊ အုပ်ထိန်းကွပ်ကဲမှု မရှိဘဲ အဆင်ပြေသလို စုရပ်ပြီး ခရီးသည်ကို အလုအယက်ခေါ်ကာ ပြေးဆွဲပို့ဆောင်နေကြခြင်းတို့ကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်ရရှိကာ ပဋိပက္ခများ ရှောင်ရှားနိုင်စေရေးအတွက် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ မေးမြန်းလာတဲ့ကိစ္စအား ကျွန်တော်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ အခန်း(၂)ပုဒ်မ ၁၀(ဇ)တွင် မော်တော်ဆိုင်ကယ်ကို ကိုယ်ပိုင်ယာဉ်အဖြစ်သာ အသုံးပြုခွင့်ပြုသဖြင့် အငှားယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲခွင့်မပြု ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ အခန်း(၇)၊ ပုဒ်မ၁၇၃(ခ)တွင်လည်း မော်တော်ဆိုင်ကယ်စီးနင်းသူ၏နောက်တွင် လူစီးထိုင်ခုံ မပါလျှင် လူပိုမတင်ရ၊ လူစီးထိုင်ခုံ ပါရှိလျှင် တစ်ဦးထက် ပိုမတင်ရ ဟု ပြဋ္ဌာန်းထားပါတယ်။ ထိုကဲ့သို့ ပြဋ္ဌာန်းထားရှိခြင်းမှာ မော်တော်ဆိုင်ကယ်သည် ဘီးနှစ်ဘီးသာပါရှိသဖြင့် ဟန်ချက်ပျက်လွယ်ခြင်း၊ တိမ်းလွယ်၊ မှောက်လွယ်ခြင်း၊ အခန်းတွင်းသို့ဝင်၍ စီးရသည့် ယာဉ်အမျိုးအစားမဟုတ်ဘဲ အပေါ်မှခွ၍ စီးရသည့် ယာဉ်မျိုး ဖြစ်သဖြင့် ရုပ်ပိုင်းဆိုင်ရာ အားဖြင့် အကာအကွယ်မဲ့နေခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားပါက အလွန်အန္တရာယ်များခြင်း၊ လျင်မြန်စွာ သွားလာနေသော မော်တော်ယာဉ်များ၊ ဘတ်စ်ကားများ၊ ထရပ်ကားများနှင့် ယာဉ်သွားလာမှုလမ်းကြောင်း မျှဝေသုံးစွဲရခြင်းတို့ကြောင့် ခရီးသည်အတွက် လုံခြုံမှုမရှိဘဲ အန္တရာယ်ဖြစ်နိုင်သဖြင့် အငှားယာဉ်အဖြစ် မှတ်ပုံတင် ပြောင်းလဲခွင့်မပြုခဲ့ခြင်း ဖြစ်ပါတယ်။

အချို့သော နိုင်ငံများတွင် မော်တော်ဆိုင်ကယ်အား(အငှားယာဉ်) အဖြစ် ပြေးဆွဲနေခြင်းများ ရှိကြောင်း (Motorcycle taxi- Wikipedia, the free encyclopedia) Website မှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဆိုပါ နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကမ်မရွန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ ဖြစ်ပါတယ်။ ဖော်ပြချက်အရ ယာဉ်မောင်းသူသည် သတ်မှတ်ဝတ်စုံ (မြင်လွယ်သော လိမ္မော်ရောင်) ဝတ်ဆင်ခြင်း၊ ယာဉ်မောင်းသူနှင့် ခရီးသည်များ မဖြစ်မနေ ဦးထုပ်ဆောင်းခြင်း၊ မော်တော်

ဆိုင်ကယ်အား သီးခြားဆေးရောင် သတ်မှတ်ခြင်း (ဥပမာ - အဝါနှင့် အနက်)၊ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်အား ခရီးသည်အဖြစ် စီးနင်းခွင့်မပြုခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့်သာ ပြေးဆွဲခွင့်ပြုခြင်း၊ အမေရိကန်နိုင်ငံတွင် ခရီးသည်အား အသက်ကယ်လေအိတ် (Airbag) အင်္ကျီဝတ်ဆင်စေခြင်း စသည့် ကန့်သတ်ချက်များ တွေ့ရှိရပါတယ်။

အိန္ဒိယနိုင်ငံတွင် မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးမှုသည် လမ်းပေါ်တွင် သေဆုံးမှု စုစုပေါင်း၏ (၂၇)ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် (၇၀)ရာခိုင်နှုန်းမှ (၉၀)ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် (၆၀)ရာခိုင်နှုန်းခန့်၊ အင်ဒိုနီးရှားနိုင်ငံတွင် (၄၀)ရာခိုင်နှုန်းကျော်ခန့်၊ သီရိလင်္ကာနိုင်ငံတွင် (၃၀)ရာခိုင်နှုန်း ကျော်ခန့်ရှိနေပြီး မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးမှုမှာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ထိုကဲ့သို့ အခြားသောနိုင်ငံများတွင် မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးမှုမြင့်မားလျက် ရှိနေသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း ၂၀၁၃ ခုနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရရှိသည့် ယာဉ်စာရင်းများအရ တစ်နိုင်ငံလုံး ယာဉ်တိုက်မှုပေါင်း(၁၁၃၈၃)မှု၊ ဒဏ်ရာရသူ(၁၉၂၆၀)ဦး၊ သေဆုံးသူ (၂၉၄၃)ဦးရှိပြီး မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားသည့်အမှုပေါင်း(၅၉၇၆)မှု၊ (၄၉.၈၆)ရာခိုင်နှုန်း၊ ဒဏ်ရာရသူ(၈၉၃၁)ဦး၊ (၄၆.၃၇)ရာခိုင်နှုန်းနှင့် သေဆုံးသူ(၁၃၁၀)ဦး၊ (၄၄.၅၁)ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသဖြင့် မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးမှု မြင့်မားနေပါတယ်။ မော်တော်ဆိုင်ကယ်များအား တက္ကစီအငှားယာဉ်အဖြစ် တရားဝင်ပြေးဆွဲခွင့်ပြုပါက ထိုထက်မက ပိုမို၍ တိုးပွားလာနိုင်ဖွယ်ရှိပါတယ်။

မော်တော်ဆိုင်ကယ်များ ဆိုင်ကယ်တက္ကစီအဖြစ် အငှားပြေးဆွဲနေခြင်းသည် နိုင်ငံတော်၏ လက်ရှိအခြေအနေအရ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဒေသတွင်း သယ်ယူပို့ဆောင်မှုစွမ်းအား မပြည့်စုံခြင်း၊ မော်တော်ယာဉ်များနှင့် နှိုင်းယှဉ်ပါက ယာဉ်တန်ဖိုးနှင့် ယာဉ်အသုံး ပြုမှုကုန်ကျစရိတ်နည်းပါးခြင်း၊ စီးနင်းအသုံးပြုခသက်သာပြီး မြို့နေလူတန်းစားများသာမက တော ရပ်နေ လူတန်းစားများပါ လိုရာခရီးသို့ လမ်းမရွေး၊ အချိန်အခါမရွေး လွယ်ကူစွာ သွားလာမောင်းနှင် အသုံးပြုနိုင်ခြင်းစသည့် အချက်များကြောင့် ဥပဒေအရ အငှားယာဉ်အဖြစ် ခွင့်မပြုရန် တားမြစ်ထား သော်လည်း သက်ဆိုင်ရာဒေသများမှ လိုအပ်ချက်အရ ယာယီ ခွင့်ပြုနေခြင်းဖြစ်ပါတယ်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ မော်တော်ဆိုင်ကယ် တက္ကစီများ ပြေးဆွဲမှု လျော့နည်းကျဆင်း လာနိုင်ပါတယ်။ အချိန်ကာလတစ်ခုမှာ မလွဲမသွေ ပျက်ပြယ်သွားမှာ ဖြစ်ပါတယ်။ ထိုသို့ ယာယီခွင့်ပြုနေသည့်ကာလတွင် မော်တော်ဆိုင်ကယ်ကို အငှားယာဉ်အဖြစ် ပြေးဆွဲသော သူများသည် အခြေခံလူတန်းစားများဖြစ်၍ စီးပွားရေးအရ မချောင်လည်ခြင်းကြောင့် ပြေးဆွဲနေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်မှ ဆင်းရဲမှုပပျောက်ရေး စီမံချက်ရေးဆွဲပြီး အကောင်အထည် ဖော် ဆောင်ရွက်နေချိန်တွင် ၎င်းတို့အပေါ် ထပ်မံ၍ အခွန်ကောက်ခံရန် မသင့်လျော်ပါ။ အခွန်အခ ကောက်ခံပါက ဥပဒေနှင့် မညီသောလုပ်ငန်းကို တရားဝင်ခွင့်ပြုသကဲ့သို့ ဖြစ်မှာ ဖြစ်ပါတယ်။ ထို့ အပြင် ပြည်သူလူထုအနေဖြင့်လည်း အခွန်ပေးဆောင်ရမှုအပေါ် ဝန်ပိုပိ၍ မကျေနပ်မှုများရှိလာ နိုင်ပါတယ်။

မော်တော်ဆိုင်ကယ်များအား တက္ကစီအဖြစ် ပြေးဆွဲခွင့်ပြုမည် ဆိုပါက မလိုလားအပ်သော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပြီး Road Safety ကို ထိခိုက်လာနိုင်ပါတယ်။ ထို့အပြင် ဆိုင်ကယ်တက္ကစီများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှု၊ ခရီးသည် အလုအယက် တင်ဆောင်မှု၊ ဆိုင်ကယ်တွင် သတ်မှတ်ဦးရေထက် ပိုမိုတင်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာနိုင်မယ့်

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မှာ ခရီးသွားပြည်သူများအတွက် ကြိုတင်ပြင်ဆင်ရမယ့် အချက်တစ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်တစ်ခုလုံးအနေဖြင့် ခရီးသည်များ လုံခြုံမှု မရှိတဲ့မော်တော်ဆိုင်ကယ်အငှားပြေးဆွဲမှု(မော်တော်ဆိုင်ကယ်တက္ကစီ)အား ရေရှည်တွင် ခွင့်မပြုသင့်ပါ။ ယာယီအားဖြင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လုပ်ငန်းလိုင်စင်မရှိ၊ အုပ်ချုပ်ထိန်းကွပ်မှုမရှိဘဲ ခရီးသည်များအား အလုအယက်ခေါ်ယူပြေးဆွဲနေသည့် ဆိုင်ကယ်တက္ကစီများအား သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများမှ စနစ်တကျကြီးကြပ်၍သာ ဆောင်ရွက်စေသင့်ပါတယ်။

လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိတဲ့ မော်တော်ဆိုင်ကယ်များကိုတော့ ၁၉၆၄ ခုနှစ် မော်တော်ယာဉ် ဥပဒေ၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေတို့အရ အရေးယူ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးရှိ Super World ခန်းမ(၁)နှင့် (၂)ဆိုင်ခန်းများကို ပုဂ္ဂလိကသို့ လွှဲအပ်ရောင်းချထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးရှိ Super World ခန်းမ(၁)နှင့် (၂)ဆိုင်ခန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချထားခြင်း ရှိ မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမနဲ့ ပတ်သက်တဲ့မေးခွန်း ကျွန်တော်မေးရတာ ဒီမေးခွန်းဟာ ဒုတိယမြောက် မေးခွန်း ဖြစ်ပါတယ်။ ပထမမေးခွန်းကိုလည်း ဒီလွှတ်တော်မှာ မေးမြန်းပြီးပါပြီ။ ပထမမေးခွန်း ကတော့ သမဝါယမအသင်းများ မြေဂရန်ရရှိရေးအတွက် မေးမြန်းခဲ့တာဖြစ်ပါတယ်။ ဒီအခါမှာ သက်ဆိုင်ရာ ပြည်ထောင်စုပုဂ္ဂိုလ်က သမဝါယမအသင်းများကို မြေဂရန်ရရှိရေး ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါပေမဲ့ ဒီဂရန်ဟာ (၃)နှစ်ဂရန် ဖြစ်ကြောင်းလည်း တစ်ပါတည်း ဖြေကြားခဲ့ပါ တယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် သမဝါယမ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံတဲ့ အခါမှာ ပုဂ္ဂလိက အဖွဲ့အစည်းတွေကိုတော့ နှစ်(၆၀)ဂရန်ပေးပြီးတော့ သမဝါယမကိုတော့ ဘာလို့ (၃)နှစ်ဂရန်ပဲ ပေးတာလဲလို့ မေးမြန်းကြည့်တဲ့အခါမှာ သမဝါယမအသင်းတွေဟာ ရောင်းချပိုင်ခွင့် မရှိတဲ့အတွက် (၃)နှစ်ဂရန်ပဲ ပေးတာလို့ဖြစ်ကြောင်း ကျွန်တော် စုံစမ်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ သမဝါယမတစ်ခေတ် ဖြစ်ထွန်းခဲ့ဖူးပါတယ်။ ဒါကတော့ လမ်းစဉ်ပါတီခေတ်ကပါပဲ။ လမ်းစဉ်ပါတီဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍ ဆိုတာ မရှိပါဘူး။ နိုင်ငံတော်မှာ ပြည်သူတို့ရဲ့ စားဝတ်နေရေးနဲ့ ပတ်သက်လို့ ဆန်၊ ဆီ၊ ဆားက အစ အကုန်လုံးကို နိုင်ငံတော်ကသာ ထောက်ပံ့၊ ပံ့ပိုးခဲ့တာဖြစ်ပါတယ်။ ဒီလိုပံ့ပိုးတဲ့အခါမှာ နိုင်ငံတော်က တိုက်ရိုက်ပံ့ပိုးတဲ့စနစ်အစား သမဝါယမကို ကြားခံပြီးတော့ တစ်ဆင့်

ပံ့ပိုးတာဖြစ်ပါတယ်။ နိုင်ငံတော်က ပြည်သူတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို သမဝါယကို ပေး တယ်။ သမကနေပြီးတော့ တစ်ခါ သမဝါယမကနေ ပြည်သူကို တိုက်ရိုက်ပေးတာ ဖြစ်ပါတယ်။ ဒီလို ပေးနိုင်ဖို့ အတွက်လည်း နိုင်ငံတော်က သမဝါယမ အဖွဲ့အစည်းတွေအတွက် လိုအပ်တဲ့ မြေနေရာ ဆိုင်ခန်းတွေလည်း ပေးပါတယ်။ နောက်ဒီလို သမဝါယမအသင်းတွေ ဖွဲ့စည်းစေပြီး ဒီအသင်းတွေက နေပြီးတော့ အမှုဆောင်အဖွဲ့တွေ ဖွဲ့ပြီးတော့မှ ဒီအမှုဆောင်အဖွဲ့တွေကို တာဝန်ယူပြီးတော့ လုပ်ခိုင်း ခဲ့တာဖြစ်ပါတယ်။ အဲဒီခေတ် အခါတုန်းက အမှုဆောင်အဖွဲ့အစည်း အချို့တွေဟာ ကိုယ်ကျိုးစီးပွား ရှာမှုတွေ ရှိပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် နိုင်ငံတော်ကပေးတဲ့ ဆန် အကောင်း တွေကို ဆန်ဆိုင်မှာ ဆန်အညံ့တွေနဲ့လဲတာတွေ၊ ရေနံဆီကို ကျွန်တော်တို့ (၆)ပုလင်းကို တစ်ဂါလန် ပေးမယ့်အစား (၄)ပုလင်းခွဲကို တစ်ဂါလန်နှုန်းနဲ့လည်း ပေးတာတွေ ရှိပါတယ်။ ဒါကြောင့် အဲဒီခေတ်က စာရင်းစစ်တွေဟာ ဆိုလို့ရှိရင် အဲဒီခေတ်က သမဝါယမတွေကို စာရင်းစစ်မယ်ဆိုလို့ရှိရင် သမဝါယမ အမှုဆောင် အဖွဲ့အစည်းတွေက ဘုရားတနေတာ များပါတယ်။

အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်နဲ့ ကျွန်တော်တို့ လျှပ်စစ်ဝါယာ ကြိုးရှော့နဲ့ သမဝါယမ ဆိုင် မီးလောင်ခဲ့မယ်ဆိုရင်လည်း တစ်ခါတည်း စာရင်းစစ်လို့ မရတဲ့အတွက် နေသာထိုင်သာ ရှိသွား ပါတယ်။ ဒါကြောင့် အဲဒီခေတ်မှာတော့ သမဝါယမနဲ့ ပတ်သက်လို့ ဟာသတစ်ခုတောင်ပေါ်ပါတယ်။ သမဝါယမစာရင်းစစ် သွားမယ်ဆိုလို့ရှိရင် မီးသတ်ကားနဲ့ သွားရတယ်ဆိုတဲ့ အခြေမျိုးတွေ ပေါ်ခဲ့ရ တာပါ။

ဒါကတော့ လမ်းစဥ်ပါတီခေတ်ကပါဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ ပေါ်တဲ့အခါမှာ ကျွန်တော်တို့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ပုဂ္ဂလိကစီးပွားရေးစနစ် ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီအခါမှာ နိုင်ငံတော်ကလည်းဘာမှ မပံ့ပိုးနိုင်တဲ့အတွက် သမဝါယမကဏ္ဍ တွေဟာ မှေးမှိန်သွားပါတယ်။ အဲဒီအခါမှာ လက်ရှိ ရှိနေတဲ့ သမဝါယမအမှုဆောင်အဖွဲ့တွေက လက်လီဆိုင် ဈေးလေးတွေ၊ ရောင်းတာတွေ၊ ဆိုင်အငှားချတာတွေနဲ့ပေါ့နော်၊ အနိုင်နိုင်ကျားကန် ရပ်တည်နေရပါတယ်။ အဲဒီအချိန်မှာပဲ တချို့အမှုဆောင်အဖွဲ့က နေပြီးတော့ ဒီလိုမျိုးတော့ မရပ်တည် တော့ဘဲနဲ့ သမဝါယမ မြေနေရာဆိုင်ခန်းတွေကို ရောင်းချတာ ရှိပါတယ်။ ဒီလို ရောင်းချနိုင်ဖို့လည်း သက်ဆိုင်ရာ ဝန်ထမ်းအချို့ပေါ့နော် ညွှန်ကြားရေးမှူးတို့၊ ဌာနမှူးတို့ အဆင့်ကနေပြီးတော့လည်း ဒီလို မျိုး သမဝါယမ အမှုဆောင်အဖွဲ့တွေကို ရောင်းနိုင်အောင်လို့ မီးစိမ်းပြတယ်လို့လည်း ကျွန်တော်တို့ ကြားသိရပါတယ်။

တကယ်တော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသမဝါယမ အမှုဆောင်အဖွဲ့ဟာ သမဝါယမဆိုင်ခန်း တွေကို သူတို့ကရောင်းချပိုင်ခွင့်မရှိပါဘူး။ ဒီဆိုင်ခန်းတွေဟာလည်း သူတို့ပိုင်ပစ္စည်းနဲ့၊ သူတို့ပိုင် ငွေကြေးနဲ့ ဝယ်ထားတာမဟုတ်ပါဘူး။ နိုင်ငံတော်က ပြည်သူတွေကို ကိုယ်စား ပစ္စည်းတွေ ဖြန့်ဖြူးနိုင် ဖို့အတွက် သမဝါယမစနစ်ကို ကြားခံသုံးတဲ့အခါမှာ မြေနေရာဆိုင်ခန်းတွေကို ပေးပြီးတော့ သူတို့ကို အမှုဆောင်အဖြစ်သာ လုပ်ခိုင်းခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒါကို သူတို့က တကယ်တမ်း ဆိုလို့ရှိရင် ဒီ သမဝါယမဆိုင်ခန်းတွေက နိုင်ငံတော်ကပိုင်တဲ့ ဆိုင်ခန်းတွေသာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒီ လွှတ်တော်မှာပဲ မေးခွန်းတစ်ခု မေးဖူးပါတယ်။

ဒါကတော့ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနပိုင် ဆိုင်ခန်းတွေကို နိုင်ငံတော်က ဘယ်လို ရောင်းချလဲ ဆိုတဲ့မေးခွန်း မေးဖူးပါတယ်။ ကြယ်ပွင့်မပြနဲ့ပါ။ အဲဒီအခါမှာ သက်ဆိုင်ရာတွေ ကျွန်တော့်ကိုဖြေတဲ့အခါမှာ စွမ်းအင်ဝန်ကြီးဌာနပိုင် စက်သုံးဆီဆိုင်တွေ တစ်နိုင်ငံလုံးမှာ(၂၄၇)ဆိုင် ရှိပါတယ်။ ဒီဆိုင်တွေကိုတဲ့ နိုင်ငံတော်အဆင့်ဖြစ်တဲ့ ပုဂ္ဂလိကပိုင် ပစ္စည်းထုခွဲရောင်းချရေး ကော်မတီကနေပြီးတော့မှ စနစ်တကျ လုပ်ထုံးလုပ်နည်းနဲ့အညီ ရောင်းချတယ်လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော် သိရတာပေါ့။ နိုင်ငံတော်ပစ္စည်းကို ရောင်းမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ အဆင့်ကနေ ရောင်း/ဝယ်ပိုင်ခွင့်မရှိဘဲနဲ့ နိုင်ငံတော် ပစ္စည်းဖြစ်တဲ့ အတွက် နိုင်ငံတော်ပိုင်အဆင့်ကပဲ ရောင်းရမယ် ဆိုတာမျိုး ကျွန်တော်လည်း ဒီမေးခွန်းနဲ့ အဖြေအရ ဗဟုသုတအဖြစ် သိရှိရပါတယ်ခင်ဗျ။

ဒါ့ကြောင့် ကျွန်တော်ဒီလွှတ်တော်ကြီးမှာ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးချင်တာကတော့ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးမှာ ဖွင့်လှစ် ရောင်းချနေတဲ့၊ ယခုဖွင့်လှစ်တဲ့ Super World ခန်းမ(၁)နှင့် (၂)အဖြစ် ဖွင့်လှစ်ရောင်းချနေတဲ့ ဆိုင်ခန်းဟာ တစ်ချိန်တုန်းက ရန်ကုန်တိုင်း သမဝါယမ အသင်းပိုင် ဆိုင်ခန်းများ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဆိုင်ခန်းတွေကို လက်ရှိအချိန်မှာ သမဝါယမစနစ်ကနေပြီးတော့ ပုဂ္ဂလိကပိုင်အဖြစ် လွှဲအပ်ရောင်းချထားခြင်း ရှိ/မရှိ ကျွန်တော် သိရှိလိုပါတယ်ခင်ဗျား။ ဒုတိယအနေနဲ့ ရောင်းချထားရပါကလည်း မည်သို့သော အကြောင်းများကြောင့် ရောင်းချထားရတယ်၊ မည်သည့်အချိန်၊ မည်သည့်စနစ်က မည်သည့်ဈေးနှုန်းဖြင့် ရောင်းချထားရကြောင်း သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးသန်းထွန်း (ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြည်ထောင်စုဝန်ကြီး ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးအတွင်းရှိ Super World ခန်းမ(၁)၊ Super World ခန်းမ(၂) ဟူ၍ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိသော နေရာများဟာ ယခင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် သမဝါယမ အသင်းစုသို့ အငှားချထားပေးခဲ့ပြီး သမဝါယမအသင်းစုက အသင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့ ဆိုင်ခန်းများဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် သမဝါယမအသင်းစုဟာ နိုင်ငံတော်အစိုးရထံမှ ဘဏ်ချေးငွေများရယူ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတော်သို့ ဘဏ်ချေးငွေများပေးဆပ်ရန် ကျန်ရှိနေတဲ့အတွက် အမြန်ဆုံးပြန်လည် ပေးဆပ်နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနမှ ၁၆-၇-၁၉၉၈ ခုနှစ်မှာ ကြွေးမြီရှင်းလင်းရေးနှင့် ထုခွဲရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ဖြင့် Super World သမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာများဖြစ်ကြသော ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြူတို့ထံ Super World ခန်းမ(၁)ကို ၉-၄-၁၉၉၉ ရက်နေ့မှာ ငွေကျပ် သိန်းသုံးရာ့ငါးဆယ်တိတိဖြင့်လည်းကောင်း၊ Super World ခန်းမ(၂)ကို ၂၇-၄-၁၉၉၉ ရက်နေ့မှာ ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်တိတိဖြင့် လည်းကောင်း ရောင်းချခဲ့ခြင်းဖြစ်ကြောင်းကို စိစစ်တွေ့ရှိရပါတယ်။

အထက်ပါဆိုင်ခန်း (၂)ခန်းအား Super World သမဝါယမအသင်း လီမိတက်မှ ဒါရိုက်တာများဖြစ်သော ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြူတို့ထံ ရောင်းချခဲ့စဉ်က Super World သမဝါယမအသင်းလီမိတက်သို့ ရောင်းချခြင်း ဖြစ်ခဲ့သော်လည်း ၂၀၁၁ခုနှစ်မှာ အဆိုပါဆိုင်ခန်း(၂)ခန်း၏ အသိအမှတ်ပြုဆိုင်ငှားအဖြစ် Super World သမဝါယမအသင်းလီမိတက်အမည်မှ ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြူ တို့၏အမည်ဖြင့် အသိအမှတ်ပြု ဆိုင်ငှားအဖြစ် ပြောင်းလဲမှတ်ပုံတင် အခကြေးငွေများပေးသွင်းခွင့်ပြုပါရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန မှတစ်ဆင့် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြလာတဲ့အတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသို့ ညှိနှိုင်းပေးခဲ့ရာမှာ အဆိုပါပုဂ္ဂိုလ်များ၏အမည်ဖြင့် အသိအမှတ်ပြုဆိုင်ငှားအဖြစ် မှတ်ပုံတင်အခကြေးငွေများ လာရောက်ပေးသွင်း ပါရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ခွင့်ပြုအကြောင်းကြားခဲ့သည် ကို စိစစ်သိရှိရပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ နမူနာတစ်ခု တင်ပြရလို့ရှိရင် ၁၉၉၄ ခုနှစ်က လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဗိုလ်ချုပ်မြင့်အောင်ရဲ့ ညွှန်ကြားချက်အရနဲ့ပေါ့၊ မန္တလေးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနပိုင် (၇.၅)ဧကကို မန္တလေးတိုင်းမှာ ကျွန်တော်တို့ ရောင်းချခဲ့တာ ရှိပါတယ်။ ဒီရောင်းချခဲ့တာနဲ့ပတ်သက်လို့ သက်ဆိုင်ရာ တရားရုံးက ဆုံးဖြတ်တဲ့အခါမှာ ဒီရောင်းချမှုဟာ အစိုးရဌာနပိုင်ပစ္စည်းကို ပုဂ္ဂလိကကို ရောင်းချတာ တရားမဝင်ဘူး။ ဒါကြောင့် ဒီဟာကို တရားရုံးအမိန့်နဲ့ ပယ်ဖျက်ထားတဲ့ မှတ်တမ်းရှိပါတယ်။ ဒါမန္တလေးတိုင်းမှာ။ ဒါကြောင့် ကျွန်တော်တို့က ခုနက ဒုတိယဝန်ကြီးဖြေတဲ့အထဲမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဆိုတာ နိုင်ငံတော်ပိုင် အဖွဲ့အစည်းပါပဲ။ နိုင်ငံတော်ပိုင် အဖွဲ့အစည်းက သမဝါယမပိုင်ပေးထားတဲ့ဟာဖြစ်တာကို ရောင်းတယ် ဆိုတာ တရားဝင်မှု ရှိ/မရှိဆိုတာပဲ တရားရုံး အဆုံးအဖြတ်ခံသင့်ပါတယ်လို့ ကျွန်တော် တင်ပြပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေစရာရှိသေးလား။ အဲဒီတော့ ခုနက ဖြေစရာမရှိရင်လည်း ဒုတိယဝန်ကြီးက အဲဒီ Case ကို ပြန်ပြီးတော့ Study လုပ်လိုက် ပေါ့နော်။ Study လုပ်ပြီးတော့မှ တရားရုံးအဆုံးအဖြတ် ယူသင့်/မယူသင့် စာနဲ့ ပြန်ဖြေလိုက်ပါ။ စာနဲ့ပြန်ဖြေတာကို ဦးဖုန်းမြင့်အောင် က ရပြီးတဲ့အခါကျမှ မေးစရာရှိတာကို ထပ်မေးလို့ရပါတယ်။ ဟုတ်ပြီနော်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် က အတည်ပြုပြီးပေးပို့ထားသော ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလို သော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။ )

၁၃၇၅ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း(၁)၊ အပိုဒ် ၂ (က)

၂။ (က) ရှေးဦးအရွယ်ကလေးသူငယ် ဆိုသည်မှာ မွေးကင်းစမှ အသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ရှိသူကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၃ (ဂ)(ဃ) -

၃။ (ဂ) ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား နေ့ကလေး ထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများကို စနစ်တကျ တည်ထောင် ဖွင့်လှစ်ခွင့် ပြုခြင်းအားဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊

(ဃ) ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ်များအား အခြေခံ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ်၃(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ဂ)(ဃ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ဖြည့်စွက်ချက် အခန်း(၃)အပိုဒ် ၄(က) (၆)(၇) -

၄။ (က) (၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

သာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊

ပြန်ကြားရေးဝန်ကြီးဌာန ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃) အပိုဒ်၄ (က) (၆) (၇) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အပိုဒ် ၄(က) (၆) (၇) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၅ (ဆ)-

၅။ (ဆ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးအရွယ် ကလေးသူငယ်များအား အခြေခံ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် အကူအညီပေးရေးအတွက် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၅(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၅(ဆ)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် အခန်း(၄) အပိုဒ် ၆ (က) (၅)(၆)-

၆။ (က) (၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သာသနာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄) အပိုဒ် ၆(က)(၅)(၆) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄) အပိုဒ် ၆(က)(၅)(၆)သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း(၅)၊ အပိုဒ် ၁၀(ခ)(ဃ)၊ ၁၁(က)(ဂ)၊ ၁၂၊ ၁၅(ဂ) -

၁၀။ (ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက တည်ထောင် ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ထားသော သက်တမ်းနှင့် စည်းကမ်းချက်များအတိုင်း ထုတ်ပေးရမည်၊

(ဃ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေ တို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ် ရမည်။

၁၁။ (က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)အရတင်ပြသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တည်ထောင် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ဂ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေး ငွေတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုသည့်အခါ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေး ရမည်။

၁၅။ (ဂ) ပုဒ်မခွဲ(ခ)အရ သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်း တိုးမြှင့်ပေးခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (ခ)(ဃ) ၊ ၁၁ (က)(ဂ)၊ ၁၂ ၊ ၁၅ (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (ခ)(ဃ)၊ ၁၁(က) (ဂ)၊၁၂၊ ၁၅ (ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း(၇)၊ အပိုဒ် ၂၁ (က) (၂)၊ ၂၂ (က)၊၂၆ (ခ) (ဂ)၊ ၂၇ (က)၊ ၃၁(က)၊ ၃၃(က)(ခ)၊ ၃၄ (က)(ခ)-

၂၁။ (က) (၂) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်၊

၂၂။ (က) ပုဒ်မ၂၁၊ပုဒ်မခွဲ(က)အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းက တင်ပြသောလျှောက်ထားချက်နှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

၂၆။ (ခ) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်လျှင် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်၊

၂၇။ (က) ပုဒ်မ၂၆၊ ပုဒ်မခွဲ(က)အရ တင်ပြသော သက်တမ်း တိုးမြှင့်ပေးရန်လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၁။ (က) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉ အရချမှတ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်သည်၊

၃၃။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ် ရမည် -

(က) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသည့် ကာလအတွင်း တွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း၊

၃၄။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်း ထက် မပိုသော ငွေဒဏ်ချမှတ်ရမည် -

(က) ခွင့်ပြုချက်မရရှိဘဲ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်ခြင်း၊

( ခ) ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသည့် ကာလအတွင်းတွင် သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ် အခြေပြုလုပ်ငန်း ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁ (က) (၂)၊ ၂၂ (က)၊ ၂၆ (ခ) (ဂ)၊ ၂၇ (က)၊ ၃၁(က)၊ ၃၃(က)(ခ)၊ ၃၄ (က) (ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁ (က)(၂)၊ ၂၂ (က)၊ ၂၆ (ခ)(ဂ)၊ ၂၇ (က)၊ ၃၁(က)၊ ၃၃(က)(ခ)၊ ၃၄(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း(၁၁)အပိုဒ် ၃၅ (က)(၁) -

၃၅။ (က) (၁) ဤဥပဒေအရပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေးအမိန့်အရချမှတ်သည့် ဒဏ်ကြေးနှင့် အခြားအခကြေးငွေများဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁၁) အပိုဒ် ၃၅(က)(၁) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁) အပိုဒ် ၃၅ (က) (၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ကို ဆက်လက် ဆောင်ရွက်ပါ့မယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော် သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၃(က)(ခ) -

အဆိပ်များအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) တွင် -

(က) ပုဒ်မခွဲငယ်(၁)၌ ပါရှိ သော with fine which may extend to five hundred kyats ဆိုသည့် စကားရပ်ကို with fine which may extend to three hundred thousand kyats ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (၂)၌ ပါရှိသော with fine which may extend to one thousand kyats ဆိုသည့်စကားရပ်ကို with fine which may extend to five hundred thousand kyats ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့ သူမရှိတဲ့အတွက် အပိုဒ်၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက်အပိုဒ် ၃(က)(ခ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ကိုယ်စားလှယ်များ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူ့ငွေစာရင်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဦးအောင်ချိုဦး၊ (အဖွဲ့ဝင်၊ ပြည်သူ့ငွေစာရင်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ နဝမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

နိဒါန်း

၁။ ပြည်သူ့ငွေစာရင်းကော်မတီသည် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီတို့မှ ရောင်းချခဲ့သော နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ယာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေကွက်များ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ်မှ ငွေပေးသွင်းရန်ကျန်ရှိမှု၊ လွှဲပြောင်းရောင်းချပြီးစီးမှု၊ ရောင်းချပြီးပစ္စည်းများနှင့် လုပ်ငန်းများအပေါ်မှ ရသင့်ရထိုက်သော အခွန်ငွေများ ကောက်ခံရရှိမှုတို့နှင့် စပ်လျဉ်း၍ ၁၆-၁-၂၀၁၃ ရက်နေ့ရှိ အခြေအနေကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ၁၇-၁-၂၀၁၃ ရက်နေ့မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ အခြေအနေကို ထပ်မံတင်ပြခြင်း ဖြစ်ပါသည်။

စိစစ်တွေ့ရှိချက်များ

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ၊ အိမ်ယာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေကွက်များ၊ စီမံခန့်ခွဲမှုကော်မတီတို့မှ ရောင်းချခဲ့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ် ကြွေးကျန်များရရှိမှု၊ ထပ်မံရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ၃၀-၉-၂၀၁၃ ရက်နေ့ အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(၁) အကြောင်းအရာအားဖြင့် ၁၇-၁-၂၀၁၃ ဖွင့် လက်ကျန်မှာ ကော်မရှင်အနေဖြင့် ငွေကျပ်သန်းပေါင်း (၈၅၁၀၃.၅၇၉)သန်းနှင့် ကော်မတီ အနေဖြင့် ငွေကျပ်သန်းပေါင်း

(၉၁၃၇၂.၄၈၉) သန်း ဖြစ်ပါတယ်။ ထပ်မံရောင်းချရခြင်းအနေဖြင့် ကော်မတီအနေဖြင့် ငွေကျပ်သန်းပေါင်း (၇၁၆၁. ၆၇၁)သန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရရန် စုစုပေါင်းမှာ ကော်မရှင်အနေဖြင့်ငွေကျပ်သန်းပေါင်း (၈၅၁၀၃.၅၇၉)သန်း ဖြစ်ပြီးတော့၊ ကော်မတီ အနေဖြင့် ငွေကျပ်သန်းပေါင်း (၉၈၅ ၃၄.၁၆၀)သန်း ဖြစ်ပါတယ်။ ပေးသွင်းရန်ငွေများ အနေဖြင့် ကော်မရှင်အနေဖြင့် ငွေကျပ်သန်းပေါင်း (၈၀၇၁၄.၅၀၈) သန်းဖြစ်ပြီး ကော်မတီအနေဖြင့် ငွေကျပ်သန်းပေါင်း (၇၅၆၆၀.၁၅၆)သန်း ဖြစ်ပါတယ်။ နုတ်ပယ် ပေးငွေများအနေဖြင့် ကော်မတီအနေဖြင့် ငွေကျပ်သန်းပေါင်း(၂၈၈၉.၀၇၁)သန်းနှင့် ကော်မတီအနေဖြင့် ငွေကျပ်သန်းပေါင်း (၁၁၃၈)သန်းတို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၃၀-၉-၂၀၁၃ ရက်နေ့ လက်ကျန်အနေဖြင့် ကော်မတီ အနေဖြင့် ငွေကျပ် သန်းပေါင်း (၁၅၀၀)နှင့် ကော်မတီအနေဖြင့် ငွေကျပ်သန်းပေါင်း (၂၁၇၃၆.၀၀၄)သန်း ဖြစ်ပေါ်ပါ တယ်။

အထက်ဖော်ပြပါဇယားအရ အောက်ပါအချက်များကို စိစစ်တွေ့ရှိရ ပါသည် -

(က) ထပ်မံရောင်းချခြင်း နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ အိမ်ယာစီမံကိန်းများ ရှိ အဆောက်အဦများနှင့်မြေကွက်များ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဥ် ၁/၂၀၁၃ အရ ရွှေဘုံသာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ရွှေဘုံသာရဲရိပ်သာ၊ ပန်းဘဲတန်းမြို့နယ်အား ကျပ်သန်းပေါင်း (၅၃၃၂)ဖြင့်လည်းကောင်း၊ ပုဇွန်တောင် မြို့နယ်၊ မဟာဗန္ဓုလလမ်းအမှတ် ဘ၄/၈၈ ရှိ (၄)ထပ်အဆောက်အဦအား ကျပ် သန်းပေါင်း (၁၃၄၁.၈၀)ဖြင့်လည်းကောင်း၊ အစည်းအဝေးအမှတ် ၂/၂၀၁၃ အရ အမှတ်(၇၅) သီရိမင်္ဂလာလမ်းသွယ်၊ ကမာရွတ်မြို့နယ်အား ကျပ်သန်းပေါင်း (၄၈၇.၈၇၀)ဖြင့်လည်းကောင်းရောင်းချခဲ့ခြင်း ဖြစ်ပါသည်။ အစည်းအဝေး ဆုံးဖြတ်ချက် ၁/၂၀၁၃ အရ ရောင်းချခဲ့သော အဆောက်အဦ(၂)ခုအနက် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်း မြို့နယ်၊ ရွှေဘုံသာလမ်း ရဲရိပ်သာသည် ယခင်ရောင်းချခဲ့ပြီး ယခုထပ်မံ၍ မြေနှင့် အဆောက်အဦ(၁)လုံး ရောင်းချခဲ့ခြင်း ဖြစ်ပါသည်။ ၂၀-၆-၂၀၁၃ ရက်နေ့အထိ ပေးသွင်းငွေ ကျပ်သန်းပေါင်း(၄၆၈၉.၃၃၆)သန်း ပေးသွင်းခဲ့ပြီး ထပ်မံပေးသွင်းငွေ မရှိသဖြင့် ကျပ်သန်းပေါင်း (၆၄၂.၆၆၅) ပေးသွင်းရန်ကျန်ငွေ ပေါ်ပေါက်နေပါသည်။ အစည်းအဝေး ဆုံးဖြတ်ချက် ၂/၂၀၁၃ အရ အမှတ်(၇၅) သီရိမင်္ဂလာလမ်းသွယ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အဆောက်အဦအား ကျပ်သန်းပေါင်း (၄၈၇.၈၇၀) ဖြင့် ၃၀-၉-၂၀၁၃ ရက်နေ့တွင် ဝယ်ယူခွင့်ပြု ရောင်းချခဲ့ခြင်းဖြစ်ပါသည်။

(ခ) ပေးသွင်းငွေများ

၁-၇-၂၀၁၃ ရက်နေ့မှ ၃၀-၉-၂၀၁၃ ရက်နေ့အတွင်း ပေးသွင်းငွေ စုစုပေါင်းမှာ ငွေကျပ် သန်းပေါင်း (၁၅၆၃၇၄.၆၆၄)၊ ဘီလီယံအားဖြင့် (၁၅၆.၃၇ဘီလီယံ) ရရှိခဲ့ပါသည်။ ကော်မရှင်မှ ငွေကျပ်သန်းပေါင်း (၈၀၇၁၄.၅၀၈)နှင့် ကော်မတီမှ ငွေကျပ်သန်းပေါင်း (၇၅၆၆၀.၁၅၆) ဖြစ်ပါသည်။

(ဂ) နုတ်ပယ်ပေးငွေများ

နုတ်ပယ်ပေးငွေများမှ လွှဲပြောင်းရောင်းချရာတွင် ဖော်ပြထားသော မြေဧရိယာများထက် မြေပြင်ကွဲလွဲနေသဖြင့် လျော့နည်းသွားသော မြေဧရိယာအပေါ် မူလတန်ဖိုးမှ နုတ်ပယ်ပေးခြင်း ဖြစ်ပါသည်။ အသေးစိတ်မှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

ကော်မတီအနေဖြင့် စက်မှုဝန်ကြီးဌာန

(ကက) ဆပ်ပြာစက်ရုံအမှတ်(၁)လှိုင်မြို့နယ် ရန်ကုန်တိုင်းမြေဧရိယာ(၃.၂၂၈)ဧက လျော့နည်းခြင်းအတွက် နုတ်ပယ်ပေးငွေ ငွေကျပ်သန်းပေါင်းဟာ (၂၈၁၀.၉၈၄)သန်း ဖြစ်ပါတယ်။

(ခ ခ ) အမှတ်(၂) စက်နှင့်စက်ကရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ ရန်ကုန်၏ မြေဧရိယာ (၀.၄၉) ဧက လျော့နည်းခြင်းအတွက် နုတ်ပယ်ပေးငွေ(၇၈.၀၈၇)သန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့(၂)ခုပေါင်းအနေနဲ့ငွေကျပ်သန်းပေါင်း(၂၈၈၉.၀၇၁)သန်း ဖြစ်ပါတယ်။

ကော်မရှင်အနေဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အလုံမြို့နယ်၊ ဗဟိုလမ်း အမှတ်(၈၃) မြေနှင့် အဆောက်အဦမြေဧရိယာ(၆၇၅၈.၅၁)စတုရန်းပေ လျော့နည်းခြင်းအတွက် နုတ်ပယ်ပေးခြင်းအနေနဲ့ ငွေကျပ်သန်းပေါင်း(၁၁၃၈.၈၇၁)သန်းဖြစ်သည့်အတွက် စုစုပေါင်းအနေဖြင့် ငွေကျပ်သန်း ပေါင်း (၄၀၂၇.၀၇၁) သန်း ဖြစ်ပါတယ်။

(ဃ) ပေးသွင်းရန်ကျန်ငွေများ

၃၀-၉-၂၀၁၃ ရက်နေ့ရှိ ပေးသွင်းရန် ကျန်ရှိနေမှုမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။ အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။

ကော်မရှင်အနေဖြင့် (၁)အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အရေအတွက်အားဖြင့် (၁)ခု၊ ငွေကျပ်သန်းပေါင်း(၁၅၀၀) ကော်မရှင်အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အရေအတွက်အားဖြင့်(၂)ခု၊ ငွေကျပ်သန်းပေါင်း(၅၆၃.၅၀)သန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အရေအတွက် အားဖြင့် (၁)ခု၊ ငွေကျပ်သန်းပေါင်း(၆၁၁၆.၆၀)သန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အရေအတွက် အားဖြင့် (၂)ခု၊ ငွေကျပ်သန်းပေါင်း (၁၁၃၀.၅၃၅)သန်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရေအတွက်အားဖြင့်(၃)ခု၊ ငွေကျပ်သန်းပေါင်း(၉၈.၁၀၀)သန်း၊ အိမ်ယာစီမံကိန်းများ၊ ပြည်ထဲရေး ဝန်ကြီးဌာနအနေဖြင့် အရေအတွက်အားဖြင့် (၂)ခု၊ ငွေကျပ်သန်းပေါင်း(၃၉၅၇.၃၆၉)သန်း၊ အိမ်ယာစီမံကိန်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အရေအတွက်အားဖြင့်(၁)ခု၊ ငွေကျပ်သန်းပေါင်း (၂၅၂၀) သန်း၊ အိမ်ရာ စီမံကိန်းများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အရေအတွက်အားဖြင့် (၁)ခု၊ ငွေကျပ်သန်းပေါင်း(၇၃၅၀)၊ စုစုပေါင်း အရေအတွက်အားဖြင့်(၁၂)ခုနဲ့ ငွေကျပ်သန်းပေါင်း (၂၁၇၃၆. ၁၀၄)သန်း ဖြစ်ပါတယ်။

၃။ ပေးသွင်းရန် ကျန်ရှိနေမှုများအပေါ် မှ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန ရရန်ကျန်(၂)ခုမှာ ၁/၂၀၁၁ အရရောင်းချခြင်းဖြစ်ပြီး တိုးတက်မှု မရှိပါ။

(ခ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပေးသွင်းရန်ကျန်(၁)ခုမှာ အလုံမြို့နယ်၊ အမှတ်(၈၃) ဗဟိုလမ်း၊ မြေနှင့်အဆောက်အဦ ဖြစ်ပါသည်။ မြေဇရိယာလျှော့နည်းမှုအတွက် ၄/၂၀၁၂ ဆုံးဖြတ်ချက်အရ ကျပ်သန်းပေါင်း (၁၁၃၈)နုတ်ပယ်ပေးပြီး ဖြစ်သော်လည်း နုတ်ပယ်ပေးပြီး တန်ဖိုးအပေါ် (၃၀)ရာခိုင်နှုန်းသာ ပေးသွင်းထားပါသည်။

(ဂ) ပညာရေးဝန်ကြီးဌာန ပေးသွင်းရန်ကျန်(၃)ခုမှာ အကျိုးတူ အိမ်ယာစီမံကိန်းများမှ ဆောက်လုပ်ရေးကုမ္ပဏီများ၏ ပေးသွင်းရန်ကျန်ငွေများ ဖြစ်ပါသည်။ တင်ပြချက်များ အရပေးသွင်းရန် တာဝန်ရှိသော နိုဝင်ဘာဆောက်လုပ်ရေး ကုမ္ပဏီသည် ကုမ္ပဏီ မှတ်ပုံတင်ထားမှု မရှိခြင်း၊ ရဲရင့်အောင် ဆောက်လုပ်ရေးကုမ္ပဏီသည် ၂၆-၅-၂၀၀၆ ရက်နေ့တွင် သက်တမ်းကုန်ဆုံးပြီး သက်တမ်းတိုးမှုမရှိခြင်း၊ မြန်မာမြေ ဆောက်လုပ်ရေး ကုမ္ပဏီသည် ကုမ္ပဏီစာရင်းမှ ပယ်ဖျက်ပြီးသော ကုမ္ပဏီဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန ပေးသွင်းရန်ကျန်(၂)ခုမှာ အစည်းအဝေး ဆုံးဖြတ်ချက် ၁/၂၀၁၃ နှင့် ၂/၂၀၁၃ တို့အရ ရောင်းချခြင်း အပေါ်မှ ကျန်ရှိနေခြင်း ဖြစ်ပါသည်။

(င) အိမ်ယာစီမံကိန်းများမှ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မြေနှင့်အဆောက်အဦ(၂)ခု ရောင်းချမှုပေါ်မှ ပေးရန်ကျန်ငွေဖြစ်ပြီး ငွေအကြေပေးဆပ်နိုင်ရန် ဘဏ်ချေးငွေ ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါသည်။

(စ) အိမ်ယာစီမံကိန်းများမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် (၁)ခုကျန်ရှိရာ ကျပ်သန်း ပေါင်း(၂၅၂၀) ဖြစ်ပါသည်။ ကျူးကျော် ရှိနေပါသဖြင့် မြေဂရန်ရရှိရေး အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြထားပါသည်။

(ဆ) အိမ်ယာစီမံကိန်းများမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ကျပ်သန်းပေါင်း(၇၃၅၀) ပေးသွင်းရန် ကျန်ရှိနေပါသည်။ ကမာရွတ်မြို့နယ်၊ အမှတ်(၁၂၈) အင်းစိန်လမ်း၊ မြေကွက် ၁၅၇/၁၄၉အတွက် ဖြစ်ပါသည်။ ၁/၂၀၁၁ ဆုံးဖြတ်ချက်အရ ရောင်းချခြင်း ဖြစ်ပြီး ရောင်းချတန်ဖိုး ကျပ်သန်းပေါင်း(၁၅၀၀၀)အပေါ် ကျပ်သန်းပေါင်း (၃၁၅၀)တန်ဖိုး၏ (၃၀)ရာခိုင်နှုန်းမျှသာ ပေးသွင်းထားခြင်းကြောင့် ဖြစ်ပါသည်။ ဘဏ်ချေးငွေရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါသည်။

အခွန်ကောက်ခံပြီးစီးမှုအခြေအနေ

၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ရောင်းချခဲ့သော လုပ်ငန်းများနှင့် နိုင်ငံပိုင်သိမ်းဆည်း ထားသောပစ္စည်းများ အိမ်ယာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေကွက်များစီမံခန့်ခွဲမှု ကော်မတီမှ ရောင်းချခဲ့သော မြေနှင့်အဆောက်အဦ တိုက်ခန်းများအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၆-၉-၂၀၁၃ ရက်နေ့အထိ အခွန်ကောက်ခံပြီးစီးမှု အခြေအနေမှာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။

ကော်မရှင်အနေဖြင့် ဝင်ငွေခွန်၊ အမြတ်ခွန်ကျပ်သန်းပေါင်း(၅၅၉၅.၆၄၅)သန်း၊ တံဆိပ်ခေါင်း ခွန်(၅၉၆.၇၉၉)သန်း၊ စုစုပေါင်းအနေဖြင့် ငွေကျပ်သန်းပေါင်း(၆၁၉၂.၄၄၄)သန်းဖြစ်ပါတယ်။ ကော်မတီ အနေဖြင့် ဝင်ငွေခွန်၊ အမြတ်ခွန် ကျပ်သန်းပေါင်း(၁၅၁၆၃.၀၈၂)သန်းဖြစ်ပြီး၊ တံဆိပ်ခေါင်းခွန် အနေဖြင့် ကျပ်သန်းပေါင်း (၅၁၇.၆၇၉)၊ စုစုပေါင်း ကျပ်သန်းပေါင်း (၁၅၆၈၀.၇၆၁)သန်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စုစုပေါင်းအနေဖြင့် ဝင်ငွေခွန်၊ အမြတ်ခွန်အနေဖြင့် ကျပ်သန်းပေါင်း (၂၀၇၅၈.၇၂၇)သန်းနှင့် တံဆိပ်ခေါင်းခွန်အနေဖြင့် ကျပ်သန်းပေါင်း(၁၁၁၄.၄၇၈)သန်း၊ စုစုပေါင်းကျပ်သန်းပေါင်း(၂၁၈၇၃.၂၀၅)သန်းဖြစ်ပါတယ်။

အထက်ဖော်ပြပါ အခွန်ကောက်ခံပြီးစီးမှုအရ အောက်ဖော်ပြပါ အချက်များကို စိစစ်တွေ့ရှိရပါတယ်။

(က) ဝင်ငွေခွန်/အမြတ်ခွန် ကောက်ခံပြီးစီးမှုတွင် ယခင် ၂၁-၃-၂၀၁၃ ရက်နေ့အထိ ကောက်ခံပြီးစီးမှုမှာ ကျပ်သန်းပေါင်း (၁၃၉၃၆.၁၁၉)ဖြစ်သဖြင့် ကျပ်သန်းပေါင်း (၆၈၂၂.၆၀၈) တိုးတက်ကောက်ခံနိုင်ခဲ့ပါတယ်။

(ခ) တံဆိပ်ခေါင်းခွန်တွင် ယခင် ၂၁-၃-၂၀၁၃ ရက်နေ့အထိ ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း (၁၀၃၃.၄၅၁) ဖြစ်သဖြင့် ကျပ်သန်းပေါင်း (၈၁.၀၂၇) တိုးတက်ကောက်ခံနိုင်ခဲ့ပါတယ်။

(ဂ) စုစုပေါင်း ကျပ်သန်းပေါင်း (၆၉၀၃.၆၃၅) တိုးတက်ကောက်ခံနိုင်ခဲ့ပါတယ်။

(ဃ) ကောက်ခံလျက်ရှိသော အခွန်နှုန်းထားများမှာ စည်းကြပ်ရန် ဝင်ငွေခွန်အပေါ် (၃၇) ရာခိုင်နှုန်း ကောက်ခံကြောင်း တင်ပြသိရှိရပါသည်။

ကောက်ခံရန်ကျန်ရှိနေမှုအခြေအနေ အပိုဒ်(၅) ကောက်ခံရန်ကျန်ရှိနေမှု အခြေအနေမှာ ၂၆-၉-၂၀၁၃ ရက်နေ့တွင် အောက်ပါအတိုင်းဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ကောက်ခံရန် စုစုပေါင်း အမှုအရေအတွက်(၇၇၃)မှု၊ ကောက်ခံပြီးအမှုအရေအတွက်(၂၀၂)မှုနဲ့ ကောက်ခံရန်ကျန် အမှုအရေအတွက်က (၅၇၁) ဖြစ်ပါတယ်။ ကော်မတီအနေဖြင့် ကောက်ခံရန် စုစုပေါင်း အမှုအရေအတွက်က (၈၃၁)ဖြစ်ပြီး၊ ကောက်ခံပြီး အမှုအရေအတွက်က(၂၃၉)ဖြစ်လို့ ကောက်ခံရန် ကျန်အမှုဟာ(၅၉၂) ဖြစ်ပါတယ်။ စုစုပေါင်းအနေဖြင့် ကောက်ခံရန် အမှုအရေအတွက်က (၁၆၀၄)မှုဖြစ်ပြီး၊ ကောက်ခံပြီး အမှုအရေအတွက်က (၄၄၁)ဖြစ်လို့ ကောက်ခံရန် ကျန်အမှုအရေအတွက်က (၁၁၆၃)မှု ဖြစ်ပါတယ်။

အထက်ဖော်ပြပါ အခြေအနေများအရ ကောက်ခံရန် ကျန်ရှိနေသော အမှုတွဲပေါင်းဟာ (၁၁၆၃)မှုရှိသဖြင့် အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

တံဆိပ်ခေါင်းခွန် ကောက်ခံမှုအားနည်းခြင်း

၆။ တံဆိပ်ခေါင်းခွန် ကျသင့်မှုနှင့် စပ်လျဉ်း၍ ကော်မရှင်၊ ကော်မတီမှ ရောင်းချပြီး ငွေပေးသွင်းမှုအရ ဂရန်ထုတ်ပေးခြင်းများကြောင့် တံဆိပ်ခေါင်းခွန်ဆောင်မှု အားနည်းစေခြင်း၊ အချို့ ဝန်ကြီးဌာနများမှ အစိုးရမှရောင်းသည့်အတွက် တံဆိပ်ခေါင်းခွန်မလိုကြောင်း ဖြေကြားခဲ့သည့်အတွက်တံဆိပ်ခေါင်းခွန်ကောက်ခံမှု အားနည်းစေခြင်း၊ ချက်ချင်းနာမည်ပြောင်း ထုတ်ပေးခြင်းများကြောင့် တံဆိပ်ခေါင်းခွန်ကောက်ခံမှုအားနည်းစေခြင်း စသည်တို့ဖြစ်ပေါ်စေကြောင်း တင်ပြချက်များအရ သိရှိရပါသည်။ ယင်းသို့ ဖြစ်ပေါ်နေမှုများသည် ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဆောင်ရွက်မှု အားနည်းနေခြင်းကို ဖော်ပြနေပါသည်။

ကော်မတီ၏ သုံးသပ်ချက်

၇။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင် သိမ်းဆည်းထားသော အိမ်ယာစီမံကိန်း အဆောက်အဦများနှင့် မြေကွက်များရောင်းချမှုအပေါ် နှစ်ကာလကြာမြင့်စွာ အကြွေးများကျန်ရှိနေခြင်း မှာ မဖြစ်သင့်ကြောင်းနှင့် ဘဏ်ချေးငွေ ရရှိမှသာ ငွေပေးချေမည်ဟူသော ကတိကဝတ်မှာလည်း လိုက်လျောလွန်းရာရောက်ကြောင်း ပထမအကြိမ်၊ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာတွင် သုံးသပ်တင်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် အရေးယူဆောင်ရွက်မှု အားနည်းလျက်ရှိနေကြောင်း သုံးသပ်ရရှိပါသည်။

၈။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း(၇၂/၇၄)ရှိ မော်တော်ယာဥ်သိုလှောင်ရုံ မြေ(၀.၁၃၄)ဧကနှင့် သိုလှောင်ရုံ အဆောက်အဦသည် ၁၁-၂-၂၀၁၁ ရက်နေ့တွင် ကျင်းပခဲ့သော ၁/၂၀၁၁ အရ ရောင်းချ ခဲ့ခြင်းဖြစ်ပြီး မြေဧရိယာ ကွဲလွဲနေခြင်းကြောင့် ငွေပေးသွင်းမှု နှောင့်နှေးနေကြောင်း တင်ပြနေသည်မှာ ယနေ့အထိတိုးတက်မှုမရှိသေးခြင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းသည်ဟု သုံးသပ်ရရှိပါသည်။

၉။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မြေနှင့်အဆောက်အဦရောင်းချခြင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကျန်ရှိနေမှုသည် ၂၀၁၁ ခုနှစ်မှ ကျန်ရှိနေခြင်းဖြစ်ပြီး ပထမအရစ်သာ ပေးသွင်းထား သဖြင့် မြေနှင့် အဆောက်အဦကို ပြန်လည်သိမ်းယူသင့်သည်ဟု သုံးသပ်ပါသည်။

၁၀။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေနှင့်အဆောက်အဦရောင်းချမှုအပေါ် မြေဧရိယာ ကွဲလွဲမှုအတွက် ၄/၂၀၁၂ ဆုံးဖြတ်ချက်အရ ကျပ်သန်းပေါင်း (၁၁၃၈) နုတ်ပယ်ပေးပြီးသော်လည်း ငွေ အကြေပေးသွင်းမှုမရှိခြင်းမှာ မဖြစ်သင့်ပါ။ ပြန်လည်သိမ်းယူသင့်သည်ဟု သုံးသပ်ပါသည်။

၁၁။ ပညာရေးဝန်ကြီးဌာန ပေးသွင်းရန်ကျန်(၃)ခုမှာ အိမ်ယာဆောက်လုပ်ရေး ကုမ္ပဏီများမှ ပေးသွင်းရန်ဖြစ်ပြီး တင်ပြချက်များအရ တာဝန်ရှိသော ကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ထားရှိမှု မရှိခြင်း၊ သက်တမ်းကုန်ဆုံးနေခြင်း၊ စာရင်းမှ ပယ်ဖျက်ထားသော ကုမ္ပဏီများဖြစ်နေခြင်းစသည်တို့မှာ စီမံခန့်ခွဲမှု ပေါ့လျော့သည်ဟု သုံးသပ်ပါသည်။ လွှဲပြောင်းခြင်းမပြုသေးကြောင်း တင်ပြထားချက်အရ လွှဲပြောင်းခြင်းမပြုဘဲ ပြန်လည်သိမ်းဆည်းပြီး လိုအပ်သလိုဆက်လက်အရေးယူ ဆောင်ရွက်သင့်သည် ဟု သုံးသပ်ပါသည်။

၁၂။ ဘဏ်ချေးငွေရရှိမှသာပေးဆပ်ပါမည်ဟု နှစ်ကာလကြာမြင့်စွာ ငွေပေးသွင်းမှုမရှိဘဲ တင်ပြ ထားချက်များကို လက်ခံ၍ စောင့်ဆိုင်းနေမှုများသည် မလျော်ကန်ပါသဖြင့် ဒဏ်ကြေးပေးဆောင်စေ ခြင်း သို့မဟုတ် ပြန်လည်သိမ်းယူ စာရင်းရှင်းလင်းခြင်း ပြုလုပ်သင့်သည်ဟု သုံးသပ်ပါသည်။

၁၃။ အခွန်ကောက်ခံရန် ကျန်ရှိနေမှုများနှင့် တံဆိပ်ခေါင်းခွန် ကောက်ခံမှု အားနည်းခြင်း တို့ကြောင့် ရသင့်ရထိုက်သော အခွန်များ အချိန်နှင့်တစ်ပြေးညီ ရရှိမှုမရှိဘဲ နှစ်စဉ် ရသုံးမှန်းခြေ အကောင်အထည်ဖော်မှုကို အားနည်းစေပါသဖြင့် စီမံချက်ချမှတ်၍ အလေးထား ဆောင်ရွက်သင့် ကြောင်း သုံးသပ်ပါသည်။

အကြံပြုချက်

၁၄။ နိုင်ငံတော်ပိုင်ပစ္စည်း စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ စီမံခန့်ခွဲရန်နှင့် ကော်မတီ၏ သုံးသပ်ချက်များအပေါ် အလေးထားအရေးယူဆောင်ရွက်ရန် အကြံပြုပါသည်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ပဉ္စမနေ့ ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလရက် ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၃၂ နာရီ အချိန်တွင် ရပ်နားပါသည်။]